## ကုမ္ပဏီအကြောင်း

GGI သည် ၂၀၁၃ ခုနှစ်ကစပြီး မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်မှာ ဂုဏ်သိက္ခာအရှိဆုံးဆိုတဲ့ နာမည်တစ်ခုကို တည်ဆောက်နိုင်ခဲ့တဲ့ အာမခံကုမ္ပဏီတစ်ခုပါ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူတစ်ဦးတစ်ယောက်ချင်းစီနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ငွေကြေးကိစ္စရပ်တွေ အဆင်ပြေချောမွေ့နေစေဖို့အတွက် အကာအကွယ်ပေးမယ့် အာမခံလုပ်ငန်းတွေကို လိုအပ်လာတယ်လို့ GGI က ထင်မြင်သုံးသပ်မိပါတယ်။ ဒါကြောင့် GGI အနေနဲ့ လူကြီးမင်းတို့ တန်ဖိုးအထားရဆုံးအရာတွေကို အကာအကွယ်ပေးမယ့် အထူးအာမခံဝန်ဆောင်မှုတွေပေးစွမ်းဖို့ ကြိုးစားနေတဲ့အတွက် လူကြီးမင်းတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ ယုံကြည်ချက်ကိုလည်း ရရှိစေမှာပါ။


GGI သည် ၂၀၁၉ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ အာမခံလုပ်ငန်းဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Tokio Marine နဲ့ လက်တွဲလိုက်ပြီ ဖြစ်ပါတယ်။ ထိုကဲ့သို့ ဂုဏ်သိက္ခာရှိပြီး အရည်အသွေး ပြည့်ဝတဲ့ ကုမ္ပဏီနဲ့ အတူတကွ လက်တွဲလုပ်ဆောင်ရတဲ့အတွက် GGI အနေနဲ့များစွာ ဂုဏ်ယူရပါတယ်။ Tokio Marine ရဲ့ နိုင်ငံတကာအတွေ့အကြုံနဲ့ ကျွန်ုပ်တို့ရဲ့ ပြည်တွင်းလုပ်ငန်းနဲ့ မြန်မာပြည်သူလူထု အကြောင်း သိနားလည်မှုတို့ ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့ အာမခံဈေးကွက်မှာ ထူးခြားပြီး အရည်အသွေးမြင့်တဲ့ အာမခံဝန်ဆောင်မှု အမျိုးအစားအသစ်တွေကို ဆောင်ရွက်ပေးနိုင်ဖို့အတွက်လည်း များစွာစိတ်လှုပ်ရှားမိပါတယ်။

## ဆက်သွယ်ရန်


**ရုံးချုပ်လိပ်စာ**
အမှတ် (၁၉/၂၀)၊ A, B, C, D
Junction Square ဝင်းအတွင်း၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်း ဒေသကြီး။

ဖုန်း : ၀၁ ၂၃၉၉ ၇၇၇
အီးမေးလ် : info@ggitokiomarine.com
ဝက်ဘ်ဆိုက် : www.ggitokiomarine.com


GGI TOKIO MARINE
အထွေထွေအာမခံ




လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ

## သင့်ငွေကို ဝန်ထမ်းမှ အလွဲသုံးစားလုပ်မှုကို ကာကွယ်ပါ

စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေတဲ့ ပတ်ဝန်းကျင်မှာ လိမ်လည်မှုကျူးလွန်သူတွေဟာ လက်မှတ်တု သို့မဟုတ် ပြောင်းလဲထားတဲ့ အချက်အလက်တုတွေနဲ့ သတိပြုမိဖို့ မလွယ်တဲ့ နည်းလမ်းတွေသုံးပြီး ငွေပမာဏအမြောက်အမြားကို ခိုးယူနိုင်တာကြောင့် အဲဒါကို သင်သိလိုက်ရတဲ့အချိန်မှာ မကြာခဏဆိုသလိုပဲ အခါနှောင်းနေတတ်ပါတယ်။

အဲဒီလိုအဖြစ်မျိုးတွေကနေ ကာကွယ်ဖို့အတွက် ကျွန်ုပ်တို့ရဲ့ သမာဓိ အာမခံပေါ်လစီက သင်နဲ့ သင့်ပိုင်ဆိုင်မှုတွေကို အကာအကွယ်ပေးမှာပါ။ သင့်အနေနဲ့ သင့်ဝန်ထမ်းတွေအပေါ် ယုံကြည်မှုရှိသည့်တိုင်အောင် သတိထားတာ မမှားပါဘူး။ ဒီပေါ်လစီက သင့်ဝန်ထမ်းကြောင့် ခိုးယူခံရမှု သို့မဟုတ် ဆုံးရှုံးမှုကနေ အကာအကွယ်ပေးပါတယ်။

### ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ရဲ့ပေါ်လစီက လက်မှတ်တုနဲ့ အလွဲသုံးစားလုပ်မှုအပြင် ခိုးယူမှုနဲ့ အချက်အလက်ပြောင်းလဲထုတ်ယူမှုကြောင့် ဆုံးရှုံးမှုကနေ အကာအကွယ်ပေးပါတယ်။

လျော်ကြေးကိုတော့ ခိုးယူခံရတဲ့ စုစုပေါင်းငွေပမာဏ သို့မဟုတ် အာမခံထားသူရဲ့ စုစုပေါင်းဆုံးရှုံးမှုပမာဏအထိ ထုတ်ပေးမှာပါ။ ကျွန်ုပ်တို့အနေနဲ့ ဆွေးနွေးတိုင်ပင်မှုကို အမြန်ဆုံးပြုလုပ်ပေးပြီး ၂၄ နာရီအချိန်မရွေး လျော်ကြေးတောင်းခံနိုင်တဲ့ ဝန်ဆောင်မှုနဲ့ ပွင့်လင်းမြင်သာမှုရှိပြီး နားလည်ရလွယ်ကူတဲ့ သတ်မှတ်ချက်တွေထားရှိ ဆောင်ရွက်ပေးပါတယ်။

## အဓိက အကျိုးခံစားခွင့်များ

- ဒီပေါ်လစီက အချက်အလက်တုနဲ့ အလွဲသုံးစား လုပ်မှုကြောင့် ငွေကြေးဆုံးရှုံးမှုမှန်သမျှကို အကာအကွယ်ပေးပါတယ်။
- ခိုးယူမှုနဲ့ အချက်အလက်အတု လုပ်ဆောင်ပြောင်းလဲမှုကြောင့် ဆုံးရှုံးမှုကိုလည်း ကာကွယ်ပေးပါတယ်။
- ဝန်ထမ်းများနဲ့ အကူဝန်ထမ်းများရဲ့ မသမာတဲ့လုပ်ရပ် သို့မဟုတ် ခိုးယူရန်ကြိုးပမ်းမှုကြောင့် ငွေသားဆုံးရှုံးမှုကို ကာကွယ်ပေးပါတယ်။



GGITM DL Brochure Fidelity Insurance
99mm × 210mm